သင်တို့အနက် မည်သူမျှ (ဤသို့)ဒုအာဆုတောင်းခြင်း

မပြုကြနှင့်၊ 'အိုအလ္လာဟ်အရှင်မြတ်

အရှင်မြတ်အလိုတော်ရှိလျှင် ကျွန်တော်မျိုးအား

ခွင့်လွှတ်တော်မူပါ၊ အရှင်မြတ်အလိုတော်ရှိလျှင်

ကျွန်တော်မျိုးအား သနားကြင်နာတော်မူပါ၊

အရှင်မြတ်အလိုတော်ရှိလျှင် ကျွန်တော်မျိုးအား

ရိုဇီရိက္ခာ ပေးသနားတော်မူပါ'။ သို့သော်

မိမိ၏ဆုတောင်းချက်ကို ပြတ်ပြတ်သားသား (ယုံကြည်စိတ်ချစွာ) တောင်းဆိုကြလေကုန်။ အကြောင်းမှာဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် မိမိ အလိုရှိရာကိုသာပြုလုပ်တော်မူပြီး၊ အရှင့်အား အတင်းအကြပ်

ပြုလုပ်နိုင်သူ (မည်သူမျှ) မရှိပေ။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "သင်တို့အနက် မည်သူမျှ (ဤသို့)ဒုအာဆုတောင်းခြင်း မပြုကြနှင့်၊ 'အိုအလ္လာဟ်အရှင်မြတ်
အရှင်မြတ်အလိုတော်ရှိလျှင် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ၊
အရှင်မြတ်အလိုတော်ရှိလျှင် ကျွန်တော်မျိုးအား သနားကြင်နာတော်မူပါ၊
အရှင်မြတ်အလိုတော်ရှိလျှင် ကျွန်တော်မျိုးအား ရိုဇီရိက္ခာ ပေးသနားတော်မူပါ'။သို့သော် မိမိ၏ဆုတောင်းချက်ကို ပြတ်ပြတ်သားသား (ယုံကြည်စိတ်ချစွာ)
တောင်းဆိုကြလေကုန်။ အကြောင်းမှာ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် မိမိ
အလိုရှိရာကိုသာ ပြုလုပ်တော်မူပြီး၊ အရှင့်အား အတင်းအကြပ် ပြုလုပ်နိုင်သူ (မည်သူမျှ) မရှိပေ။" မွတ်စ်လင်မ်ကျမ်း၏ ရိဝါယသ်တွင် ဤသို့ လာရှိသည်- "သို့သော်
သင်တို့သည် ဆုတောင်းခြင်းကို ပြတ်သားစွာ(စိတ်ချယုံကြည်မှုအပြည့်ဖြင့်)
ပြုကြလေကုန်။ ထို့ပြင် (အရှင့်ထံတော်မှ) အလိုဆန္ဒများကို ကြီးမားစွာ
တောင့်တကြလေကုန်။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်အတွက် မိမိ ချီးမြှင့်တော်မူသည့်
မည်သည့်အရာကိုမဆို (ချီးမြှင့်ရန်) ခဲယဉ်းသည်ဟူ၍ မရှိပေ။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဒုအာဆု‌တောင်းခြင်းကိုအရာတစ်ခုခုနှင့်ချိတ်ဆက်ခြင်းမှ တားမြစ်တော်မူခဲ့သည်။ အကယ်၍ ၎င်းသည်အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့်ချိတ်ဆက်ခြင်းဖြစ်လျှင်လည်း (ထိုသို့ ချိတ်ဆက်ခြင်းမပြုရန် တားမြစ်တော်မူခဲ့သည်။) အကြောင်းမှာ ထိုအချက်သည် သေချာပေါက် သိရှိထားပြီးသားအကြောင်းအရာဖြစ်သည်။ (ဆိုလိုသည်မှာ) အလ္လာဟ်အရှင်မြတ် အလိုတော်ရှိမှသာလျှင်ခွင့်လွှတ်တော်မူမည် ဆိုသည့်အချက်ကို မည်သူမဆို သိရှိထားကြပြီးဖြစ်သည်။ ထို့ကြောင့်

http://www.sunnah.global/hadeeth/my/show/5978